# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 4, 2019 | Volume 16, Number 2


| ၄.၂.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၆/ကျပ် |
| CBM Rate | = ၁၅၁၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၄.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၇.၅ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၇.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၀၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၂၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၅၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၆၈ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၃၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၂၃ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ပြည်ပမှပဲတင်သွင်းခြင်းကို အိန္ဒိယပြည်နယ်အစိုးရများတားဆီး



ပြည်ပမှ ပဲတင်သွင်းခြင်းကို အိန္ဒိယပြည်နယ်အစိုးရများက တားဆီးခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးများ ကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက် ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန် ကျပ်ငါးသိန်း ခြောက်သောင်း၊ ပဲစင်းငုံတစ်တန် ကျပ်ခြောက်သိန်းရှစ်သောင်းသို့ ကျဆင်းလာကြောင်း ပဲကုန်သည်အချို့ကပြောသည်။ လက်ရှိပြည်တွင်းပဲဈေးသည် တစ်ပတ်အတွင်း မတ်ပဲ တစ်တန်လျှင် ကျပ်တစ်သိန်း လေးသောင်းခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်ရှစ်သောင်းခန့် ဈေးကျခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ အဓိကပဲတင်ပို့နေသည့် အိန္ဒိယနိုင်ငံ ချန်နိုင်းပြည်နယ်တရားရုံးက ပြည်ပမှ ပဲတင်သွင်းမှု တားဆီးသည့်အမိန့်စာကို ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်သည်။ ပြည်ပမှ ပဲတင်သွင်းမှုကို တားဆီးခြင်းအပြင် ဇန်နဝါရီ ၂၈ ရက် နောက်ပိုင်း တင်သွင်းသည့်ပဲများကို ဆိပ်ကမ်းများမှ ထုတ်ခွင့်မပြုဟု အိန္ဒိယနိုင်ငံ အကောက်ခွန်ဌာနကလည်း ကြေညာချက်ထုတ်ပြန်ကြောင်း ဦးမင်းကိုဦးကပြောသည်။

ယင်းကြေညာချက်များကြောင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူစုဆောင်းနေသည့် အိန္ဒိယကုန်သည်များက အဝယ်ရပ်လိုက်သဖြင့် ပြည်တွင်းပဲဈေးက ရုတ်တရက်ကျဆင်းခြင်းဖြစ်သည်။ ၂၀၁၇ ဩဂုတ်အတွင်းက အိန္ဒိယအစိုးရက ပြည်ပမှ ပဲတင်သွင်းမှုကို တစ်နှစ်ခန့် ကန့်သတ်ချိန်ကလည်း ပြည်တွင်းဈေးကွက်တွင် မတ်ပဲ နှင့် ပဲစင်းငုံဈေး တစ်ရှိန်ထိုးကျဆင်းပြီး ထိုအချိန်က ရက်ပိုင်းအတွင်း မတ်ပဲနှင့် ပဲစင်းငုံတစ်တန်လျှင် ထက်ဝက်ကျော်ဈေးကျခဲ့သည်။

လက်ရှိအချိန်သည် မြန်မာနိုင်ငံတွင် ပဲစင်းငုံစတင်ထွက်နေပြီး လာမည့်လများတွင် မတ်ပဲကလည်း အသစ်ထွက်လာမည်ဖြစ်သည်။ စိုက်ပျိုးထားသည့် ပဲများအသစ်ထွက်ပေါ်ချိန်တွင် ပြည်တွင်းဈေး ရုတ်တရက်ထိုးကျခြင်းက စိုက်ပျိုးသည့် တောင်သူလယ်သမားများအတွက် ထိခိုက်မှုများ ရှိလာနိုင် သည်ဟု ဦးမင်းကိုဦးက ပြောသည်။ ဆောင်းရာသီစိုက် မတ်ပဲ ရိတ်သိမ်းရန် တစ်လခန့် လိုတော့ချိန်တွင် ဈေးရုတ်တရက်

ထိုးဆင်းခြင်းက လယ်သမားများအတွက် စိန်ခေါ်မှုဖြစ်လာပြီဟု ကျောင်းကုန်းမြို့နယ်မှ လယ်သမားဦးပြုံးကလည်း ပြောလာသည်။ မတ်ပဲတစ်ကေအတွက် အလုံးစုံကုန်ကျစရိတ်က ကျပ်နှစ်သိန်းကျော်ရှိနေပြီး တစ်ကေမတ် ပဲ ၁၀ တင်းခန့်သာ ထွက်မည်ဆိုပါက လယ်သမားများ အကျိုးအမြတ်မရှိကြောင်း အထက်ပါလယ်သမား နှစ်ဦးက ပြောသည်။
လက်ရှိ မတ်ပဲတစ်တန် ဈေးနှုန်းဖြင့် တွက်မည်ဆိုပါက မတ်ပဲတစ်တင်းလျှင် ၁၆,၀၀၀ ကျပ်ဝန်းကျင် သာဈေးရရှိနိုင်မည့် အခြေအနေမျိုးဖြစ်နေသည်ဟု ၎င်းတို့က ဆိုသည်။ ၁၀ တင်းထွက်သော လယ်တစ်ကေအတွက် ၁၆၀,၀၀၀ ကျပ်ခန့်သာ ရရှိနိုင်မည်ဆိုသည်။

**Source:** http://www.7daydaily.com/story/149089

## အိန္ဒိယတွင် ပဲအထွက်လျော့ကျပြီး ဈေးနှုန်းများ မြင့်တက်လာနိုင်

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ပဲမျိုးစုံထုတ်လုပ်မှု လျော့နည်းသွားနိုင်ဖွယ်ရှိနေသဖြင့် လာမည့်ရက်ပိုင်းများအတွင်း ပဲဈေးနှုန်းများ ဆက်လက်မြင့်တက်လာဖွယ်ရာရှိနေသည်။ လွန်ခဲ့သောနှစ်ပတ်ခန့်က အိန္ဒိယပြည်တွင်း ပဲစင်းငုံနှင့်ပဲတီစိမ်း လက်လီဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ၄-၁၀ ရူပီးခန့် မြင့်တက်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြီးတန်း အရာရှိတစ်ဦးက ယခုနှစ် အိန္ဒိယ၏ပဲထုတ်လုပ်မှုသည် ၁၀ % ခန့် လျော့ကျသွားနိုင်သည်ဟု ခန့်မှန်းပြောဆိုထားသည်။ ကွင်းဆင်းစစ်ဆေးမှုများအရ မိုးစိုက်ပဲ ထုတ်လုပ်မှုလျော့ကျမည့် အလားအလာရှိနေသလို ဆောင်းစိုက်ပဲသည်လည်း ယခင်အပတ် စစ်တမ်းကောက်ယူချက်အရ စိုက်ဧရိယာများ ဆက်လက်လျော့နည်းနေဆဲဖြစ်သည်ဟု ယင်းအရာရှိက ပြောကြားသည်။
ထို့အပြင် အခါမဲ့မိုးရွာသွန်းမှုနှင့် အအေးလှိုင်းဒဏ်တို့ကြောင့်လည်း စိုက်ပျိုးဆဲပဲခင်းများအပေါ် ထိခိုက်မှုဖြစ်စေသည်ဟု ၎င်းကဆက်လက်ပြောဆိုခဲ့သည်။ အိန္ဒိယတွင် လွန်ခဲ့သော ၂ နှစ် ဆက်တိုက် ပဲမျိုးစုံအထွက်တိုးခဲ့သဖြင့် ပြည်ပမှ တင်သွင်းမှုကိုကန့်သတ်ခဲ့ပြီး၊ ပြည်ပသို့တင်ပို့မှုကိုတိုးမြှင့်ခဲ့သည်။ ၂၀၁၆-၁၇ ရာသီက အိန္ဒိယ၏ ပဲမျိုးစုံထုတ်လုပ်မှုသည် တန်ချိန် ၂၃.၁၃ သန်း ရှိခဲ့ပြီး ၂၀၁၇-၁၈ ရာသီတွင် ၂၅.၂၃ သန်းသို့ ဆက်လက်တိုးတက်ခဲ့သည်။ သို့သော် လက်ရှိ ၂၀၁၈-၁၉ ရာသီတွင်မူ ပဲမျိုးစုံထုတ်လုပ်မှုသည် တန်ချိန် ၂၂ သန်းခန့်သာရှိလာနိုင်သဖြင့် လက်ကျန်ပဲတန်ချိန် ၃.၆ သန်းကို ဖြည့်တွက်ပါက အိန္ဒိယတစ်နိုင်ငံလုံး၏ စားသုံးမှုပမာဏ တန်ချိန် ၂၅ သန်း ဝန်းကျင်ကို ဖြည့်မီရုံသာရှိမည်ဟု လယ်စိုက် ဝန်ကြီးဌာနမှ အဆိုပါတာဝန်ရှိသူကပြောကြားသည်။ လယ်စိုက်ဝန်ကြီးဌာန ထုတ်ပြန်ချက် အရ အိန္ဒိယအဝန်း စိုက်ပျိုးဆဲ ဆောင်းပဲဧရိယာသည် ဟက်တာ ၁၅.၁၁ သန်းမျှသာရှိနေပြီး ယခင်နှစ် အလားတူကာလ စိုက်ဟက်တာ ၁၆.၀၉ သန်း နှင့် ယှဉ်ပါက ၆ % ကျော် လျော့နည်းနေဆဲ ဖြစ်ကြောင်းတွေ့ရသည်။

**Source:** https://www.facebook.com/a9biz/

## တရုတ်နှစ်ကူးကာလအတွင်း ဖရဲနှင့်သခွားမွှေးများ အရောင်းသွက်ဟုဆို

တရုတ်နှစ်သစ်ကူးကာလအတွင်း ဖရဲ၊ သခွားမွှေးသီးများ အရောင်းသွက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ကပြောသည်။ တရုတ် - မြန်မာနယ်စပ် မူဆယ် ဈေးကွက်တွင် ဖေဖော်ဝါရီ ၁ ရက်ကစတင်၍ ဖရဲ၊ သခွားမွှေးသီးများ အရောင်းသွက်ပြီး ဈေးမြင့်လာကြောင်း၊ တရုတ် နှစ်သစ်ကူး အကြိုကာလ ဖေဖော်ဝါရီ ၄ ရက်အထိ မူဆယ်သစ်သီးရောင်းဝယ်ရေးကွင်း၌ အရောင်းအဝယ်ပြုလုပ်ပြီး တရုတ်နှစ်ကူးနေ့ ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တွင် သစ်သီးအရောင်းအဝယ်များ ရပ်နားထားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ပြီးခဲ့သည့်နှစ် တရုတ်နှစ်သစ်ကူးကာလ သစ်သီးဈေးကွက်တွင် ဇန်နဝါရီလလယ်ပိုင်းကစ၍ အရောင်းသွက် သော်လည်း ယခုနှစ်၌ ဖေဖော်ဝါရီ ၁ ရက်မှသာ အရောင်းသွက်သဖြင့် တောင်သူများဈေးကောင်းရမှု နည်းပါးကြောင်း မူဆယ်မြို့ ခွာညိုသစ်သီးပွဲရုံမှ ကိုစိုင်းမင်းသူနိုင်ကပြောသည်။
မူဆယ်သစ်သီးဈေးကွက်တွင် ဖေဖော်ဝါရီ ၃ ရက်က ဖရဲသီးတစ်တန်လျှင် ယွမ် ၁,၃၀၀ မှ ယွမ် ၁,၇၀၀၊ ထိုင်ဝမ်ဖရဲ တစ်တန်လျှင် ယွမ် ၂,၃၀၀ မှ ယွမ် ၂,၈၀၀ နှင့် အစေ့မဲ့ဖရဲတစ်တန်လျှင် ယွမ် ၂,၀၀၀ မှ ယွမ် ၂,၅၀၀ အထိ အရောင်းအဝယ် ဖြစ်ခဲ့သည်။ ရွှေသခွားမွှေးဈေးကွက်တွင် တစ်တန်လျှင် အမြင့်ဆုံးဈေး ယွမ် ၃,၃၀၀ အထိ ရှိသော်လည်း အများစုသည် တစ်တန်လျှင် ယွမ် ၂,၃၀၀ မှ ယွမ် ၂,၈၀၀ အကြား အရောင်းသွက်ခဲ့ကြောင်း ခွာညိုသစ်သီးပွဲရုံဈေးကွက် မှတ်တမ်းအရ သိရသည်။

**Source:** http://www.7daydaily.com/story/149127

## အိန္ဒိယသို့ အစိုးရချင်းသဘောတူညီမှုဖြင့် ပဲရောင်းချနိုင်ရန်နှင့်ခွဲတမ်းပိုရအောင် အသင်းကတိုက်တွန်းမည်

အိန္ဒိယသို့ ပဲတင်ပို့ရောင်းချရာတွင် အစိုးရချင်းသဘောတူညီမှုဖြင့်(G to G)ပဲရောင်းချရေးနှင့် သီးသန့်ခွဲတမ်းပိုမိုရရှိရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အိန္ဒိယအစိုးရနှင့်ညှိနှိုင်းပေးရန် အသင်းကတိုက်တွန်းမည်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည် အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောကြားသည်။

အိန္ဒိယပြည်နယ် အစိုးရများက ပြည်ပမှပဲတင်သွင်းခွင့်ကို ဇန်နဝါရီ ၃၁ ရက်တွင် စတင်တားဆီးပြီး နောက် ပြည်တွင်းဈေးကွက်အတွင်း မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းကျဆင်းနေသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်သည် ပဲစင်းငုံ အသစ်ပေါ်နေပြီး မကြာမီ မတ်ပဲအသစ်လည်းပေါ်မည်ဖြစ်၍ ဈေးနှုန်းကျဆင်းခြင်းက တောင်သူလယ်သမားများ အခက်အခဲဖြစ်စေသည်။ ထို့ကြောင့် မြန်မာနိုင်ငံပဲ၊ နှမ်းအသင်းအနေဖြင့် လက်ရှိကြုံတွေ့နေသည့်အခြေအနေကို ဝန်ကြီးဌာနက အမြန်ဆုံးကူညီဖြေရှင်းပေးရေး တိုက်တွန်းခြင်းဖြစ်ကြောင်း ဦးမင်းကိုဦးကပြောသည်။ အစိုးရချင်းသဘောတူညီမှုဖြင့် အိန္ဒိယနိုင်ငံသို့ ပဲရောင်းချနိုင်ရန် စီးပွားကူးသန်းဝန်ကြီးဌာနက စာချုပ်များပေးပို့ထားသည်။ သို့သော် တစ်လကျော်သည်အထိ အိန္ဒိယအစိုးရဘက်က အကြောင်းမပြန်သေးကြောင်း ဇန်နဝါရီ နောက်ဆုံးပတ်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်အစ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ဇန်နဝါရီလယ်ပိုင်းအထိ သုံးလခွဲအတွင်း အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန် သုံးသိန်းနှစ်သောင်း တင်ပို့ခဲ့သည်။ ယင်းပမာဏက ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန်နှစ်သိန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဦးခင်မောင်လွင်ကပြောသည်။ အစိုးရချင်းသဘောတူညီမှုဖြင့် အိန္ဒိယသို့ ပဲတင်ပို့ရန် အချိန်လိုအပ်မည်ဆိုပါက ယခုနှစ်ဧပြီတွင် အိန္ဒိယအစိုးရက ပြည်ပမှ တင်သွင်းခွင့်ပြုမည့် ပဲများ၌ မြန်မာနိုင်ငံက ခွဲတမ်းပိုမိုရရှိရေး စီးပွားကူးသန်း ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းပေးရန် ပဲ၊ နှမ်းအသင်းက တိုက်တွန်းရန် ပြင်ဆင်နေသည်။

အိန္ဒိယက အဝယ်ရပ်ပြီးနောက် ပြည်တွင်းဈေးကွက်တွင် ဖေဖော်ဝါရီ ၃ ရက်၌ မတ်ပဲတစ်တန်လျှင် ကျပ် ၅၇၀,၀၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၆၈၀,၀၀၀ ဈေးရှိနေသည်။ မတ်ပဲ တစ်တန်လျှင် ကျပ် ၁၀၀,၀၀၀ ကျော်နှင့် ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၈၀,၀၀၀ ခန့်ကျဆင်းခြင်း ဖြစ်သည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးသည့် မတ်ပဲကို ယခုနောက်ပိုင်း ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံကလည်း ဝယ်ယူလိုသည်။ သို့သော် မတ်ပဲတစ်တန်၏ဈေးနှုန်းကို ဒေါ်လာ ၃၆၀ (ကျပ် ၅၄၇,၀၀၀) ခန့်သာ ဈေးပေးခြင်းကြောင့် ပြည်တွင်းပေါက်ဈေးထက် နိမ့်ကျသဖြင့် ရောင်းချနိုင်ခြင်း မရှိပေ။ မြန်မာနိုင်ငံ၌ မတ်ပဲ၊ ပဲစင်းငုံအသစ် ပေါ်ထွက်ချိန်တွင် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် ရိတ်သိမ်းပြီး ပဲများကို ဈေးနှုန်းစောင့်၍ ထိန်းရောင်းရန် ပဲကုန်သည်အချို့က အကြံပြုသည်။

**Source:** http://www.7daydaily.com/story/149166

## ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုလိုငွေ ယခင်နှစ်ကာလတူထက် ဒေါ်လာ သန်း ၆၀၀ ကျော်လျော့နည်း

ပြည်ပသို့ချုပ်ထည်တင်ပို့မှု တိုးမြင့်လာခြင်းကြောင့် ပို့ကုန်ပမာဏမြင့်တက်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ် လေးလအတွင်း ကုန်သွယ်မှုလိုငွေသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် လျော့နည်းခဲ့သည်။ လေးလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏသည် ဒေါ်လာ ၄ ဒသမ ၆ သန်းကျော်ရှိပြီး သွင်းကုန် ပမာဏက ကန်ဒေါ်လာ ၅ ဒသမ ၈ သန်းကျော်ရှိကာ ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၁ ဘီလီယံကျော်ရှိသည်။ သို့သော် ယခင်ဘဏ္ဍာနှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၇ ဘီလီယံကျော်ရှိ၍ လျော့နည်းခဲ့ခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများ၊ နည်းပညာနှင့် အခြေခံအဆောက်အအုံအတွက် ကုန်ပစ္စည်းများ တင်သွင်းနေရခြင်းကြောင့် သွင်းကုန်ပမာဏများနေရခြင်းဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ ထို့အပြင် ခရီးသွားကဏ္ဍအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းနေရခြင်း ကလည်း သွင်းကုန်ပိုများစေကြောင်း ၎င်းကဆိုသည်။ လေးလအတွင်း ချုပ်ထည်တင်ပို့မှု ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိပြီး၊ ပြီးခဲ့သည့်ကာလတူထက် ကန်ဒေါ်လာ သန်း ၆၀၀ ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ထို့အပြင် တရုတ်၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်များမှ ကျွဲ၊ နွားအပါအဝင် တိရစ္ဆာန်ထွက် ပစ္စည်းများ ယခင်ထက်ပိုမိုတင်ပို့ခဲ့သည်။

**Source:** http://www.7daydaily.com/story/149079

## စပါးအထွက်နည်းသော တောင်ကုတ်မြို့နယ် တောင်ပိုင်းတွင် စပါးဈေးကောင်းနေဟုဆို

စပါးဖူးချိန်တွင် မိုးနှောင်းမရွာခဲ့သဖြင့် တောင်ကုတ်မြို့နယ် တောင်ပိုင်းကျေးရွာများ၌ စပါးအထွက်နည်းကာ ဈေးကောင်းနေကြောင်း တောင်သူအချို့ ပြောသည်။ နှောင်းမိုးမရွာသဖြင့် စပါးအထွက်နှုန်း ထက်ဝက်ကျဆင်းပြီး ယခင်နှစ်ထက် စပါးဈေးတစ်ဝက်ခန့် ဈေးကောင်းနေကြောင်း တောင်ကုတ်မြို့နယ် ဂျီဂကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးကပြောသည်။ အများဆုံးစိုက်တာက ဆင်းလတ်သွယ်မျိုးတွေပါ။ စပါးဖူးမယ့်အချိန်မှာ မိုးပြတ်သွားလို့ စပါးအထွက်နှုန်းက တစ်ဧကမှာ တစ်ဝက်လောက် ကျသွားတာကြောင့် စပါးဈေးကောင်းနေကြောင်း ၎င်းကဆိုသည်။ တောင်ကုတ်မြို့နယ်တောင်ပိုင်းရှိ တောင်သူအများစုသည် သက်ငယ်စပါး အများဆုံးစိုက်ပျိုးသော်လည်း မြောက်ပိုင်းရှိ ကျေးရွာအများစုတွင် သက်ကြီး စပါးများကို အများဆုံး စိုက်ပျိုးသည်။

**Source:** http://www.7daydaily.com/story/149041

## ပြည်တွင်းထွက်ကုန်များကို တန်ဖိုးမြှင့်၍ နိုင်ငံတကာသို့ တင်ပို့နိုင်ရန်အဆို အတည်ပြု

လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသောကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့် ကုန်ပစ္စည်းများအဖြစ်ထုတ်လုပ်ကာ နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေးအဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြုသည်။ အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုတင်သွင်းထားသည့် ယင်းအဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကထောက်ခံခဲ့ပြီး၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ထောက်ခံဆွေးနွေးကာ ဇန်နဝါရီ ၃၀ ရက်က လွှတ်တော်၌အတည်ပြုခဲ့သည်။ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်း အဖြစ် ထုတ်လုပ်ကာ ပြည်ပသို့တင်ပို့ခြင်းဖြင့် ပြည်တွင်းဝင်ငွေတိုးစေမည့်အပြင် သွင်းကုန်ပမာဏကိုလည်း လျှော့ချနိုင်မည် ဖြစ်ကြောင်း အဆိုရှင်ဒေါ်ချိုချိုကပြောသည်။ ထိုသို့တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ အမည်စုံ ထုတ်လုပ်ပေးနိုင်ခြင်းဖြင့် ဝင်ငွေမြင့်မားလာစေရေးနှင့်ထုတ်ကုန်များ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ကာ တိုးမြှင့်တင်ပို့နိုင်ရေး မူဝါဒချမှတ်လုပ်ဆောင် နေသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဒုဝန်ကြီးဦးလှကျော်ကပြောသည်။ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် အဆင့်မြှင့်ရန်နှင့် နိုင်ငံတကာသို့ တင်ပို့နိုင်ရန် အစိုးရ အနေဖြင့် နည်းပညာနှင့် အရင်းအနှီး ထောက်ပံ့ပေးရန်လိုအပ်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးခဲ့သည့် နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူးကပြောသည်။ ဦးဝင်းထူးက ၎င်းတို့ဒေသတွင် ဒေသထွက် လက်ဖက်စိုက်ခင်း များစွာရှိနေသော်လည်း မိရိုးဖလာနည်းဖြင့်သာ စိုက်ပျိုးထုတ်လုပ်နေရခြင်းကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ် နိုင်ခြင်း မရှိသေးကြောင်း ၎င်းတို့ဒေသ အခြေအနေများနှင့် ဥပမာပေးရှင်းပြသည်

အုန်းသီး၊ ငါးစည်သွတ်ဘူးစသည့် မြန်မာနိုင်ငံတွင် ဈေးပေါပေါဖြင့် အလွယ်တကူရနိုင်သည့် ကုန်ပစ္စည်းများကို အသုံးပြုကာ အခြားပြည်ပနိုင်ငံများက အဆင့်မြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယင်းကဲ့သို့ ပြုလုပ်သင့်ကြောင်း မင်းတုန်းမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုက ပြောသည်။

ထို့အပြင် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်က အအေးပိုသော နိုင်ငံများတွင် ခရမ်းချဉ်သီး တစ်ကီလိုဈေးနှုန်းသည် အသားတစ်ကီလို ဈေးနှုန်းထက်ပိုမိုနေကြောင်း၊ မြန်မာနိုင်ငံ၌မူ ခရမ်းချဉ်သီးများကို ဝယ်ယူမည့် သူမရှိ၍ တောင်သူများအရှုံးပေါ်နေကြောင်းဆွေးနွေးသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ခရမ်းချဉ်သီးအနှစ်ရည်များကို တန်ချိန် သောင်း၊ သိန်းချီကာပြည်တွင်း၌ စားသုံးနေပြီး ပြည်ပသို့လည်း တင်ပို့နေကြောင်း၎င်းကဆိုသည်။

ယင်းအပြင် မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ကုန်ကြမ်းအဖြစ်တင်ပို့သည့် သကြား၊ ပြောင်းဖူးဆန်တို့သည် ပြည်တွင်းသို့ ကုန်ချောအဖြစ် ပြန်လည်ရောက်လာကြောင်း ၎င်းကဆိုသည်။

ပြည်တွင်းထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အခွန်ငွေပိုမိုရရှိမည့် အပြင် ပြည်ပသို့တင်ပို့နိုင်ပါက မြန်မာ့ကျပ်ငွေတန်ဖိုးကျဆင်းမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုရှင်က ထောက်ပြသည်။ ထိုသို့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပေးနိုင်မည်ဆိုပါက အမြဲတမ်းအရှုံးပေါ်ကာ အကြွေး သံသရာ လည်နေသည့် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများ၏ အခက်အခဲကို ဖြေရှင်းပေးရာလည်း ရောက်မည် ဖြစ်ကြောင်း ၎င်းကဆိုသည်။

**Source:** http://www.7daydaily.com/story/149164

## ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများထဲတွင် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏ အမြင့်ဆုံးဖြစ်လာ

စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်များအတွင်း၌ ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများထဲတွင် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုပမာဏအမြင့်ဆုံးပြုလုပ်သည့်စခန်းအဖြစ်သို့ ရောက်ရှိလာကြောင်း ဖော်ပြသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်စတင်ခဲ့သည့် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၂၅ ရက်အထိ ထီးခီး နယ်စပ်ကုန်သွယ်ရေးစခန်းတွင်ဖြစ်ပေါ်ခဲ့သော အပြန်အလှန်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၇၉ ဒသမ ၈ သန်း ရှိခဲ့ကာ ထိုင်း-မြန်မာနယ်စပ် ကုန်သွယ်ရေးစခန်းများထဲတွင် ယခင်က ကုန်သွယ်မှုအများဆုံးပြုလုပ်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သော မြဝတီကိုကျော်ဖြတ်သွားခဲ့ခြင်းဖြစ်သည်။ အဆိုပါကာလအတွင်း ထိုင်း- မြန်မာနယ်စပ်ကုန်သွယ်မှုကဏ္ဍတွင် ဖြစ်ပေါ်ခဲ့သောအပြန်အလှန် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံသို့ရောက်ရှိခဲ့သည်။ ထိုင်းနိုင်ငံဘက်သို့ အများဆုံးတင်ပို့သည့် ပို့ကုန်များမှာ စိုက်ပျိုးရေးထွက်ကုန်များနှင့် ရေလုပ်ငန်းထွက်ကုန်များဖြစ်ကာ ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်များမှာ စားသောက်ကုန်၊ အလှကုန်၊ ဘိလပ်မြေ၊ မြေသြဇာနှင့် စက်မှုလုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကြောင်းသိရသည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=120378&path=LocalNews.aspx

## မြန်မာ့မတ်ပဲနဲ့ ပဲစင်းငုံကို အိန္ဒိယမှ နောက်ထပ်တစ်နှစ်ခန့် တင်သွင်းခွင့်တားမြစ်ဖို့ရှိနေ ပဲဈေးတွေ ဆက်တိုက်ထိုးကျနိုင်တာကြောင့် ကုန်သည်အချင်းချင်း ထိန်းကျောင်းဆောင်ရွက်စေလို

အိန္ဒိယနိုင်ငံ အကောက်ခွန်ဆိုင်ရာကော်မရှင်ရုံးက မြန်မာ့မတ်ပဲနဲ့ပဲစင်းငုံကို နောက်ထပ်တစ်နှစ်ခန့် ဝယ်ယူခွင့်တားမြစ်ဖို့ ရှိနေတာကြောင့် မဖြစ်သင့်မဖြစ်ထိုက်တဲ့ ဈေးနှုန်းကျဆင်းမှုတွေဖြစ်လာနိုင်လို့ ကုန်သည်အချင်းချင်း ထိန်းကျောင်းဆောင်ရွက်ကြဖို့ကို ပဲကုန်သည်တွေအချင်းချင်း တိုက်တွန်းနေကြောင်းသိရပါတယ်။ အိန္ဒိယနိုင်ငံ အကောက်ခွန်ဆိုင်ရာကော်မရှင်ရုံးက ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁ရက်နေ့ ကြေညာချက်အရဆိုရင် ဘယ်ပဲမဆို Clear မလုပ်ပေးတော့ဘူးလို့ ရေးသားထားသလို အိန္ဒိယအဆင့်မြင့် တရားရုံးဆုံးဖြတ်ချက်နဲ့ မြန်မာ့မတ်နဲ့ငုံဝယ်ယူခွင့် ပိတ်တယ်/ မပိတ်ဘူး ကြေငြာချက်ထွက်လာဖို့ရှိနေတယ်လို့ သုံးသပ်နေကြပါတယ်။ ဘုရင့်နောင်ရှိ ဂင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်က မြန်မာ့ပဲကိုဝယ်ယူပိတ်ထားဖို့ ပြည်နယ်အလိုက်ကန့်ကွက်ကြတယ်။ ဒါကို ဗဟိုအစိုးရက အခုကိစ္စနဲ့ပတ်သက်ပြီးတော့ ဘာမှမပြောသေးဘူး။ အခုဒီကိစ္စကြောင့် မတ်ပဲဈေးနဲ့ ပဲစင်းငုံဈေးတွေ ဆက်တိုက်ကျလာတယ်။ အခုမြန်မာ့ပဲပေါ်ချိန် မတ်လမတိုင်ခင် တစ်နှစ်လောက်ထပ်ပိတ်ထားဖို့ လုပ်လာကြတာတွေရှိတယ်။ အခုပဲတီစိမ်းဈေးကတော့ အထူးပြောစရာမလိုပဲကောင်းတယ်။ နောက်နှစ်ပဲတီစိမ်းစိုက်ကြဖို့ တိုက်တွန်းလိုကြောင်းပြောပါတယ်။ အရင်တစ်ပတ်ခန့်က အိန္ဒိယဆိပ်ကမ်းအချို့ဖြစ်တဲ့ မွန်ဘိုင်း၊ ရှန်နိုင်းရောက်ရှိလာတဲ့ သင်္ဘောတချို့ကို ကမ်းကပ်မခံရန်စ ၁ထုတ်ထားပေမယ့် လက်ရှိမြန်မာဘက်ကညှိနှိုင်းမှုကြောင့် ဆိပ်ကမ်းကပ်ခွင့် ပြန်လည်ရရှိထားတယ်လို့ဆိုပါတယ်။

အိန္ဒိယအစိုးရထံက မြန်မာ့ပဲစင်းငုံနဲ့မတ်ပဲကို သီးသန့် ကိုတာပိုပေးဖို့တောင်းဆိုဖို့ပါ။ ကိုတာနဲ့ ဝယ်ယူဖို့ အစီစဉ်ကိုလည်း မြန်မာ့ပဲပေါ်ချိန်ဖြစ်တဲ့ မတ်လမတိုင်ခင် ကြိုတင်ကြေညာပေးဖို့ ဒါမှလည်းတောင်သူတွေဟာ ထိန်းထိန်းသိမ်းသိမ်းနဲ့ ရောင်းချနိုင်မှာဖြစ်ကြောင်း ကုန်သည်တစ်ဦးက အကြံပြုပြောကြားလိုက်ပါတယ်။ လက်ရှိ မတ်ပဲတစ်တန်ကို ကျပ်ငါးသိန်းခုနစ်သောင်းကျော် ၊ ပဲစင်းငုံ ကျပ်ခြောက်သိန်း ရှစ်သောင်း၊ ပဲတီစိမ်းတစ်တန်ကို ကျပ်ကိုးသိန်းကျော်ရှိနေပြီးတော့ လက်ရှိဝယ်ယူမှုရပ်နားမယ့်သတင်းကြောင့် ပဲတန်တစ်ရာကို ပျှမ်းမျှကျပ်သိန်း ၁၅၀ခန့်အထိ ကျဆင်းနေတယ်လို့ သိရပါတယ်။

အိန္ဒိယပြည်နယ်အစိုးရတွေက ကုန်ပစ္စည်းတင်သွင်းခွင့်ကို ဖွင့်လိုက် ၊ ပိတ်လိုက်ကစား၍၊ မြန်မာ့ပဲဈေးဟာ မတည်ငြိမ်ဖြစ်လာတာကြောင့် ပြည်တွင်းပဲစိုက်တောင်သူများဟာ စိုက်စရိတ်ပင်မရတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ ၂၀၁၈ အတွင်းက အိန္ဒိယရဲ့ ပဲဝယ်ယူမှုကန့်သတ်ချက်တွေကိုဖြေရှင်းဖို့ ပြည်တွင်းရှိ စီးပွား/ကူးသန်း၊ စိုက်ပျိုး/မွေးမြူရေးဝန်ကြီးဌာနတွေ၊ ပဲမျိုးစုံနဲ့ကုန်သည်အသင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တောင်သူလယ်သမားကိုယ်စားလှယ်တွေအားလုံးကို အရေးပေါ်အစည်းအဝေးပင်ခေါ်ယူပြီးတော့ မတ်ပဲ ၊ ပဲစဥ်းငုံကိုမစိုက်ဖို့နဲ့ ချင့်ချိန်စိုက်ကြဖို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ လက်ရှိအိန္ဒိယရဲ့ ပဲအထွက်နှုန်းနဲ့ပဲထုတ်လုပ်မှုဟာ ဒီနှစ်မှာ ၁၀ရာခိုင်နှုန်းခန့် လျော့ကျသွားနိုင်တယ်လို့ အိန္ဒိယလယ်ဆည်ဝန်ကြီးဌာနက ခန့်မှန်းပြောဆိုထားပါတယ်။ ၂၀၁၈-၁၉ ရာသီမှာ ပဲမျိုးစုံထုတ်လုပ်မှုက တန်ချိန် ၂၂ သန်းခန့်သာရှိလာနိုင်လို့ လက်ကျန်ပဲတန်ချိန် ၃ ဒသမ ၆ သန်း ဖြည့်တွက်မယ်ဆိုရင်တောင် အိန္ဒိယတစ်နိုင်ငံလုံးရဲ့ စားသုံးမှုပမာဏဟာ တန်ချိန် ၂၅ သန်း ဝန်းကျင်ကို ပြည့်မီရုံသာရှိမယ်လို့ အိန္ဒိယလယ်ဆည်ဝန်ကြီးဌာနက ထပ်မံခန့်မှန်းထားပါတယ်။ **Source:** https://www.facebook.com/a9biz/posts/2283880904977153?__tn__=K-R

## အောက်တိန်းတစ်လီတာ ကျပ် ၇၀၀ ၊ ဒီဇယ်တစ်လီတာ ကျပ် ၉၀၀ နဲ့ အတက်အကျမရှိဘဲငြိမ်နေတဲ့ စက်သုံးဆီဈေးကွက် လဆန်းပိုင်းမှာပြန်တက်လာနိုင်

ပြီးခဲ့တဲ့ လလယ်ပိုင်းမှစတင်ကာ အောက်တိန်းတစ်လီတာကို (၇၀၀)၊ဒီဇယ်တစ်လီတာကို (၉၀၀) ကျပ်နှုန်းနှင့် ဈေးနှုန်း အပြောင်းအလဲမရှိဘဲ တည်ငြိမ်နေခဲ့သည်။ သို့သော်ယခုလဆန်းပိုင်းတွင်နိုင်ငံတကာကရေနံဈေးနှုန်းများ အနည်းငယ် မြင့်တက်ခဲ့ခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းအချို့ တက်လာနိုင်ကြောင်း အများကြီးမဟုတ်သော်လည်း ရေနံစိမ်း တစ်စည်ကို ငါးဒေါ်လာလောက်တက်သွားတဲ့အတွက် စင်ကာပူဈေးနှုန်းတက်လာရင် ပြည်တွင်းမှာလဲရိုက်ခတ်မှု ရှိလာ နိုင်မှာဖြစ်ကြောင်း၊ အများကြီးခုန်တက်သွားမှာမဟုတ်ဘဲ တစ်လီတာကို (၅/၁၀)ကျပ်လောက်ပဲတက်မှာဖြစ်ကြောင်း ပြည်တွင်းစက်သုံးဆီလုပ်ငန်းရှင်တစ်ဦးကခန့်မှန်းထားသည်။

စက်သုံးဆီဈေးနှုန်းအမြင့်ဆုံးဖြစ်ခဲ့ချိန်မှ ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်ပြီး လက်ရှိဈေးနှုန်းမှာ (၂၀၁၇) ခုနှစ်အတွင်းကဈေးနှုန်းများအတိုင်းရှိနေခြင်းဖြစ်သည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများအနေဖြင့် စင်ကာပူဈေးနှုန်းကို ချိန်ထိုးရောင်းချနေရခြင်းဖြစ်သောကြောင့် စင်ကာပူဈေးနှုန်းအပြောင်းအလဲအတိုင်း အတက်အကျဖြစ်ပေါ်နေခြင်းဖြစ်သည်။ မြန်မာ့ရေနံဓါတုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် စက်သုံးဆီဈေးကွက်ကို လွတ်လပ်သောဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်စေရန်ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိသော်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့်နှုန်းထားတွင်ရှိနေရန်အတွက် စောင့်ကြည့်မှု များ ပြုလုပ်လျှက်ရှိနေသည်။

**Source:** https://www.facebook.com/a9biz/

## ပြည်ပရေကြောင်းပို့ကုန်အာမခံကို ပြည်တွင်း၌စတင်ထားရှိနိုင်မည်

ပြည်တွင်းအာမခံဈေးကွက်တွင် ပြည်ပရေကြောင်းပို့ကုန်အာမခံ (Oversea Marine Cargo Insurance) ကို စတင် သွားမည်ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် အာမခံအမျိုးအစားသစ်ကို စတင်ထားရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအာမခံသစ် ပြည်တွင်းအာမခံဈေးကွက်တွင် စတင်နိုင်ရန်အတွက် GGI( Grand Guardian Insurance Public Co.,Ltd)နှင့် Tokio Marine Insurance Thailand Public Co.,Ltd (TMITH) တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း ဖြစ်ကြောင်းသိရသည်။

GGI အနေနဲ့ ပြည်တွင်းအာမခံဈေးကွက်မှာ ၂၀၁၃ ခုနှစ်ကစတင်ပြီး ဝန်ဆောင်မှုပေးခဲ့တာဖြစ်ပါတယ်။ အခုချိန်မှာတော့ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်ကြီးတွေအတွက် လိုအပ်နေတဲ့ ပြည်ပရေကြောင်းပို့ကုန်အာမခံကို စတင်လက်ခံဆောင်ရွက် နိုင်ပြီဖြစ်ပါတယ်။ ဒီအာမခံကို ဆောင်ရွက်နိုင်တာဟာ နိုင်ငံခြားဝင်ငွေတိုးလာစေနိုင်သလို နိုင်ငံတော်ရဲ့စီးပွား ရေးဖွံ့ဖြိုးတိုး တက်မှုအတွက်လည်း အထောက်အကူပြုနိုင်ပါတယ် ဟု GGI မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုအာမခံကို သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းပိုင်ရှင်များမှ ပြည်တွင်းကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ ရာတွင်လည်းကောင်း၊ ပြည်တွင်းသို့ ကုန်ပစ္စည်းများ တင်သွင်းရာတွင်လည်းကောင်း အာမခံထားရှိနိုင်ပြီး ပရမီယံပေး သွင်းခြင်းကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း ပေးသွင်းနိုင်မည်ဖြစ်ကြောင်း၊ သယ်ပို့သည့်ကုန်ပစ္စည်းများ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုများကြောင့် သော် လည်းကောင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပါက အာမခံအကာအကွယ်များရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ အာမခံထားခွင့်ရှိ သူများမှာ ကုန်ပစ္စည်းတင်ပို့သူများ၊ ကုန်ပစ္စည်းတင်သွင်းသူများ၊ ကုန်ပစ္စည်းပိုင်ရှင်များ၊ ပိုင်ရှင်၏တရားဝင်ကိုယ်စားလှယ် များဖြစ်ပြီး အာမခံသက်တမ်းမှာ ခရီးစဉ်စတင်သည့်အချိန်မှ ခရီးဆုံးသည့်အချိန်အထိဖြစ်ကာ မြန်မာကျပ်ငွေ (သို့မ ဟုတ်) နိုင်ငံခြားငွေဖြင့် အာမခံထားရှိနိုင်ကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2034529566582825

## မြန်မာ- ကိုရီးယား သုတေသနလုပ်ငန်း စီမံကိန်း ၃ ခု လုပ်ဆောင်ရန် သဘောတူ

မြန်မာ- ကိုရီးယား သုတေသနလုပ်ငန်း စီမံကိန်း ၃ ခု ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးလိုက်ပြီး အဆိုပါ စီမံကိန်းကြာမြင့်ကာလအား ၃ နှစ်ခန့် သတ်မှတ်ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR) နှင့် ကို ရီးယား အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA) တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်း (၃) ခုနှင့် ပတ်သက်သော သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ဒီသဘောတူလက်မှတ်မှာ အာလူး ဖြန့်ဝေမှုစနစ် ထူထောင်တာ၊ ဂျုံစိုက်ပျိုးမှုစနစ် တိုးတက်ရရှိလာဖို့ ပါဝင်တယ်ဟုပြောသည်။ အဆိုပါ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံ တွင် အာလူးမျိုးများ ဖြန့်ဝေမှုစနစ်ထူထောင်ခြင်း၊ မြန်မာနိုင်ငံတွင် ဂျုံအဓိကစိုက်ပျိုးသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ ဂျုံထုတ်လုပ်မှုတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသော ဂျုံမျိုးများဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုး ထုတ်လုပ်သည့် နည်းပညာပေးသင်တန်းများကျင်းပခြင်း၊ မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးသီးနှံအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်စီမံကိန်း (၃)ခု ပါဝင်ကြောင်းသိရ သည်။

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးသူတောင်သူများသည် အရည်အသွေးပြည့်မီသောသီးနှံ မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ပြီး၊ ရိတ်သိမ်းခြင်းနှင့် သိုလှောင်ရာတွင် လေလွင့်ဆုံးရှုံးမှုများ လျော့ချနိုင်မည်ဖြစ်သော ကြောင့် တောင်သူများ၏ ဝင်ငွေများ တိုးတက်စေရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/

## မူဆယ်ဆန်စျေးကွက် အဝယ်ရပ်နေသောကြောင့် သိုလှောင်သူများသာ အကျစျေးဖြင့်ဝယ်ယူနေ

ယခုအခါ တရုတ်နှစ်သစ်ကူးကာလ မူဆယ်ဆန်စျေးကွက် အဝယ်ရပ်နေသောကြောင့် သိုလှောင်သူများကသာ အကျ စျေးနှုန်းဖြင့်ဝယ်ယူလျက်ရှိပြီး ကားအစီးရေအနေဖြင့် ၁၀ ရာခိုင်နှုန်းဝန်းကျင်သာ သွားလာနေကြောင်း မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း (ဘုရင့်နောင်) အတွင်းရေးမှူး ဦးသန်းဦးထံမှသိရသည်။ မူဆယ်ဆန်စျေးကွက်တွင် ယခင်တစ်ပတ် က ၅ မှတ်ဆန်တစ်အိတ်လျှင် ငွေကျပ်၂၃၀၀၀ ဝန်းကျင်ရှိရာမှ ယနေ့တွင် ငွေကျပ် ၂၁၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူ နေကြောင်းသိရသည်။

နှစ်သစ်ကူးရက်ဖြစ်တဲ့အတွက် တရုတ်နိုင်ငံဘက်က ဆန်အရောင်းအဝယ်တွေရပ်သွားပြီ။ ဒီရက်မှာ စျေးနည်းနည်း သက်သာတော့ ဝယ်ပြီးလှောင်တဲ့သူတော့ရှိတယ်။ ဆန်ကဝယ်လို့ သိပ်မကောင်းဘူး။ နှစ်သစ်ကူးပြီးရင် အရောင်းအဝယ် ပြန်ဖြစ်ဖို့ မျှော်လင့်ပါတယ်ဟု ဦးသန်းဦးကပြောသည်။ ထို့ပြင် ဥရောပသမဂ္ဂစျေးကွက်မှ အခွန်ကင်းလွတ်ခွင့် ရုပ်သိမ်း လိုက်၍ ဆန်များကို စျေးချဝယ်ယူနေသည့်အပြင် ငွေစျေးအေးနေကြောင်းသိရသည်။ နွေစပါးပေါ်ဖို့ကလည်း တစ်လ လောက်လိုနေသေးတော့ ဝယ်တဲ့သူတွေကလည်း စျေးမပေးနိုင်ဘူး။ ငွေစျေးကလည်းအေးနေတော့ သူတို့ ရောင်းရတဲ့ စျေးနဲ့ငွေစျေးနဲ့မကိုက်တော့ အဝယ်နည်းနေတယ်ဟု ဦးသန်းဦးကပြောသည်။

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၄၄၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၂ သိန်းကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇၄ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၀ သိန်းကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၂၀၈ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ခြောက်သိန်းကျော်တင်ပို့ထားကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1582-rice-market.html

## ပြည်တွင်းထွက်ကုန်များကို တန်ဖိုးမြှင့်၍ နိုင်ငံတကာသို့တင်ပို့နိုင်ရန် အဆိုအတည်ပြု

လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့် ကုန်ပစ္စည်းများအဖြစ်ထုတ်လုပ်ကာ နိုင်ငံတကာသို့ဈေးကွက်ချဲ့ထွင်နိုင်ရေးအဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပါတယ်။ အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုတင်သွင်းထားသည့် ယင်းအဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ထောက်ခံခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များကလည်း ထောက်ခံဆွေးနွေးကာ ဇန်နဝါရီ ၃၀ ရက် က လွှတ်တော်၌အတည်ပြုခဲ့တယ်လို့လဲသိရပါတယ်။ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းအဖြစ်ထုတ်လုပ်ကာ ပြည်ပသို့တင်ပို့ခြင်းဖြင့် ပြည်တွင်းဝင်ငွေတိုးစေမည့်အပြင် သွင်းကုန်ပမာဏ ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆိုရှင်ဒေါ်ချိုချိုကပြောခဲ့ပါတယ်။ ထိုသို့ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ အမည်စုံ ထုတ်လုပ်ပေးနိုင်ခြင်းဖြင့် ဝင်ငွေမြင့်မားလာစေရေးနှင့် ထုတ်ကုန်များ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ကာ တိုးမြှင့်တင်ပို့နိုင်ရေး မူဝါဒချမှတ်လုပ်ဆောင်နေသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဒုတိယဝန်ကြီးဦးလှကျော်ကပြောခဲ့ပါတယ်။

ပြည်တွင်း ထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် အဆင့်မြှင့်ရန်နှင့် နိုင်ငံတကာသို့ တင်ပို့နိုင်ရန် အစိုးရ အနေဖြင့် နည်းပညာနှင့် အရင်းအနှီး ထောက်ပံ့ပေးရန် လိုအပ်ကြောင်း အဆိုကိုထောက်ခံဆွေးနွေးခဲ့သည့် နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူးပြောပြချက်အရ သိရပါတယ်။ဦးဝင်းထူးက ၎င်းတို့ဒေသတွင် ဒေသထွက် လက်ဖက်စိုက်ခင်းများစွာရှိနေသော်လည်း မိရိုးဖလာနည်းဖြင့်သာ စိုက်ပျိုးထုတ်လုပ်နေရခြင်းကြောင့် တန်ဖိုးမြှင့် ထုတ်ကုန် အဖြစ် ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း ၎င်းတို့ဒေသအခြေအနေများနှင့် ဥပမာပေးရှင်းပြခဲ့ပါတယ်။

အုန်းသီး၊ ငါးစည်သွတ်ဘူးစသည့် မြန်မာနိုင်ငံတွင် ဈေးပေါပေါဖြင့် အလွယ်တကူရနိုင်သည့် ကုန်ပစ္စည်းများကို အသုံးပြုကာ အခြားပြည်ပနိုင်ငံများက အဆင့်မြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယင်းကဲ့သို့ ပြုလုပ်သင့်ကြောင်း မင်းတုန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုကပြောပါတယ်။ ထို့အပြင် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က အအေးပိုသောနိုင်ငံများတွင် ခရမ်းချဉ်သီး တစ်ကီလိုဈေးနှုန်းသည် အသားတစ်ကီလိုဈေးနှုန်းထက်ပိုမိုနေကြောင်း၊ မြန်မာနိုင်ငံ၌မူ ခရမ်းချဉ်သီးများကို ဝယ်ယူမည့်သူ မရှိ၍ တောင်သူများ အရှုံးပေါ်နေကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ခရမ်းချဉ်သီးအနှစ်ရည်များကို တန်ချိန်သောင်း၊ သိန်းချီကာပြည်တွင်း၌ စားသုံးနေပြီး ပြည်ပသို့လည်း တင်ပို့နေကြောင်း၊ ကုန်ချောအဖြစ် တာရှည်ခံအောင် မလုပ်နိုင်တဲ့အတွက် ခရမ်းချဉ်သီးတွေကို အခင်း ထဲမှာ ဒီအတိုင်းပစ်ထားကြရတယ်။ အဲဒီလိုမဖြစ်အောင်နည်းပညာတွေ၊ အရင်းနှီးတွေစိုက်ထုတ်ပေးပြီး ထောက်ပံ့ဖို့ လိုကြောင်း ဦးကျော်မြင့်ပြောပါတယ်။ ယင်းအပြင် မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ကုန်ကြမ်းအဖြစ်တင်ပို့သည့် သကြား၊ ပြောင်းဖူးဆန်တို့သည် ပြည်တွင်းသို့ ကုန်ချောအဖြစ်ပြန်လည်ရောက်လာကြောင်း ၎င်းကဆိုသည်။ ပြည်တွင်း ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အခွန်ငွေပိုမိုရရှိမည့်အပြင် ပြည်ပသို့တင်ပို့နိုင်ပါက မြန်မာ့ကျပ်ငွေတန်ဖိုးကျဆင်းမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုရှင်က ထောက်ပြခဲ့ ပါတယ်။ ထိုသို့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပေးနိုင်မည်ဆိုပါက အမြဲတမ်းအရှုံးပေါ်ကာ အကြွေးသံသရာလည် နေသည့် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ အခက်အခဲကိုဖြေရှင်းပေးရာလည်း ရောက်မည်ဖြစ်ကြောင်း ၎င်းကဆိုခဲ့ပါတယ်။ ဒါကြောင့် အပြောမဟုတ် အလုပ်နဲ့လက်တွေ့အကောင်အထည်ဖော်ပေးကြရန် ဒေါ်ချိုချိုက ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းပြောကြားခဲ့ပါတယ်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1514-raising-the-value-of-domestic-products-confirmed-the-order-of-the-international-export.html?fbclid=IwAR0vuhr75_Gh5wamVk2sarlEUYhrU_u_DVkJXJHkuv9vjNpKEwhYgJ8fPoM

## STOCK EXCHANGE (4.2.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 9,000 | 9,000 | 8,900 | 2,497 | 22,469,000 | 27,112,747 | 241,303 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 709 | 2,056,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 100 | 720,000 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 89 | 1,958,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,750 | 2,750 | 2,700 | 869 | 2,364,250 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.28 | -4.31 | -1.13% | 382.14 | 382.14 | 378.28 | 4,264 | 29,567,450 | 5 | 516,445 |


**Index chart**




## Market Overview

As of 1:00 pm, 4th Feb. 2019

| MYANPIX | 378.28 ▼ 4.31 |
|---|---|
| Total Volume (shares) | 4,264 |
| Total Value (MMK) | 30 mil |
| Listed Company | 5 |
| Market Cap. (MMK) | 516,445 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼100 |
| MTSH | 00002 | 2,900 | ▼50 |
| MCB | 00003 | 7,200 | ▲0 |
| FPB | 00004 | 22,000 | ▲0 |
| TMH | 00005 | 2,700 | ▼100 |